# တညီတညာတည်း ကန့်ကွက်ရမည့် ပြည်သူ့ဆန္ဒခံယူပွဲ

လူထုဆန္ဒခံယူပွဲ ဆိုသည်မှာ အလွန် အရေးကြီးသော အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ် ဖြစ်သည်။ အသက် (၁၈)နှစ်နှင့် အထက် မဲဆန္ဒပေးပိုင်ခွင့်ရှိသူတို့က မိမိတို့ လိုလားတောင့်တသည့် ဆန္ဒကို မဲထည့်ခြင်းဖြင့် ထုတ်ဖော်ရုံသာ မကသေးပဲ မိမိတို့နှင့် ဆက်နွယ်ရာ အရွယ်မရောက်သေးသူများ၊ အခြား မဲပေးပိုင်ခွင့် မရသူ တို့အတွက်ကိုလည်း ကိုယ်စားပြုပေးရသည်။

မြန်မာနိုင်ငံတွင် လာမည့် မေလ (၁၀)ရက်နေ့၌ နအဖ ရေးဆွဲသော အခြေခံဥပဒေ မူကြမ်းကို လူထုဆန္ဒ ခံယူပွဲကြီးကို ကျင်းပတော့မည်။ နအဖ စစ်ခေါင်းဆောင်တို့က အခြေခံဥပဒေမူကြမ်းကို ရေးဆွဲထားသည်။ ထိုမူကြမ်းအား မြန်မာလူထုက ထောက်ခံမှု ရှိမရှိ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတို့၏ သဘောထားဆန္ဒကို တိုင်းသိပြည်သိ ကမ္ဘာသိအောင် ဆုံးဖြတ်တင်ပြရတော့မည် ဖြစ်သည်။ နအဖ ဆိုသည်မှာ စစ်တပ်ကို လက်ကိုင်တုတ် လုပ်၍ မြန်မာနိုင်ငံကို ချယ်လှယ်မင်းမူနေသည့် အာဏာရှင် ဗိုလ်ချုပ်သန်းရွှေနှင့် အပေါင်းပါ တစုတို့သာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရှောင်လွဲမရသော နိုင်ငံရေး အခြေအနေများကြောင့် မြန်မာပြည်သူတို့သည်လည်း မိမိတို့၏ အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ် ပေးတော့မည့် လူထုဆန္ဒခံယူပွဲကို အလေးအနက်ထား၍ တုန့်ပြန်သင့်သည်။ တခုခုမှ မတုန့်ပြန်ပဲ နေနေလိုက်မည်ဆိုက မိမိ၏ နိုင်ငံသား ဖြစ်ရသည့် အခွင့်အရေးကို အဆုံးရှုံးခံရာရောက်သည်။ မဲမထည့်ပဲနေခြင်းဖြင့် နောင်အနာဂတ်တွင် မိမိဖြစ်ချင်သည့် ဆန္ဒများကို ဖျက်ဆီးပစ်လိုက်သလို ရှိသည်။

ရှေ့ရေးမြော်မြင်သုံးသပ်သူများက ကြိုတင် ခန့်မှန်းတွက်ချက် ပြောဆိုနေကြသည်။ စည်းရုံးနေကြသည်။ တာဝန်ရှိသူတို့ကလည်း ပြင်ဆင်သင့်သည်များ ပြင်ဆင်နေကြသည်။ မဲထည့်ရမည့်သူတို့ကလည်း မည်သည့်မဲ ထည့်ရမည်ကို စဉ်းစားနေကြပြီ။ အချင်းချင်း တိုင်ပင်နေကြပြီ။ အားလုံး အလုပ်များနေကြသည်။ နိုင်ငံ့အရေးပေကိုး။

တချက်မှားလျှင် တသက်လုံးမက ကျောကော့အောင် ခံရတော့မည်ကို သိနှင့်သူလည်း ရှိသည်။ မသိ ဝိုးတဝါး ဖြစ်နေသူတို့လည်း ရှိနေနိုင်သည်။ မကောင်းမှန်းသိလျက် လောလောဆယ် အခိုက်အတန့်လေး ကောင်းစားဖို့ ကြံရွယ်နေသူလည်း ရှိနိုင်သည်။ နောင်ခါလာ နောင်ခါစေ့ သဘောထားနေသူလည်း ရှိနိုင်သည်။

အမှန်စင်စစ် မြန်မာနိုင်ငံ၏ ယခုကျင်းပတော့မည့် လူထုဆန္ဒခံယူပွဲမှာ လူထုကတောင်းဆိုခြင်း မဟုတ်ပါ။

၁၉၈၈ ခုနှစ်က ပြည်သူလူထုတရပ်လုံး ဒီမိုကရေစီ တောင်းဆိုသည့် ပြည်လုံးကျွတ် လူထုအုံကြွမှုကြီးကို ပစ်ခတ် ဖြိုခွဲ၍ အာဏာသိမ်းထားသည့် နဝတ တဖြစ်လဲ နအဖ အာဏာပိုင်တို့က လူထုဆန္ဒနှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို လုံးဝ လစ်လျူရှုပြီး ၎င်းတို့အလိုကျ ဆက်လက် အာဏာချုပ်ကိုင်နိုင်ရေးအတွက် အတင်းအကြပ် စီစဉ်ခြင်းသာ ဖြစ်သည်။

လူထုဆန္ဒ မဟုတ်သော ကိစ္စကို လူထုထံ ဆန္ဒတောင်းခံလျှင် ဘာဖြစ်လာမည်ကို လူတိုင်းပင် သိနိုင်သည်။ လူထုအနေဖြင့် အားလုံး တညီတညာတည်း ကန့်ကွက်လိုက်ကြမည်သာ ဖြစ်သည်။ နအဖတို့ကလည်း ဤအချက်ကို ကောင်းကောင်း သိထားပေလိမ့်မည်။

သို့သော် လူထုဆန္ဒခံယူပွဲ မလုပ်လျှင် မဖြစ်တော့သည့် ဘေးကြပ်နံကြပ် အခြေအနေများကို နအဖက ပြင်းပြင်းထန်ထန် ရင်ဆိုင်နေရသည်။ နောက်ဆုံး မခံနိုင်သည့်အဆုံး ထွက်ပေါက်တခုအနေဖြင့် မဖြစ်ဖြစ်အောင် ရုန်းထွက်ရန် ကြိုးစားလိုက်ခြင်းသာ ဖြစ်သည်။ ရုန်းထွက်၍ လမ်းပေါက်သွားလျှင် အာဏာ

ဆက်မြဲမည်။ လမ်းမပေါက်လျှင် ပြဿနာတက်မည်။ သေ မြေကြီး၊ ရှင် ရွှေထီး ဆိုသည့်အတိုင်း စွန့်စားရန် အားထုတ်နေသည်ဟု ဆိုရပါမည်။

ဗိုလ်ချုပ်သန်းရွှေ ဦးဆောင်သည့် နအဖတို့က ရှန်းမထွက်ပဲ နေလို့ ရလိုရငြား နေကြည့်သေးသည်။ ဥပမာဆိုလျှင် အခြေခံဥပဒေမူကြမ်း ရေးဆွဲမည်ဟုဆိုကာ အမျိုးသားညီလာခံကို (၁၄)နှစ်တိုင် မဆီမဆိုင် အကြောင်းအမျိုးမျိုးပြ၍ အချိန်ဆွဲ ကျင်းပနေခြင်းမျိုး ဖြစ်သည်။

အမျိုးသားညီလာခံက ပြီးချင်တော့လည်း ဝုန်းကနဲ ပြီးသွားသည်။ ထိုညီလာခံ အတည်ပြုချက်အရ အခြေခံ ဥပဒေ မူကြမ်းကို အာဏာပိုင်ခန့် (၅၄)ဦးက ရေးဆွဲရာ ဖျတ်ကနဲပင် ပြီးဆုံးသွားသည်။ ထို့နောက် လူထုဆန္ဒ ခံယူပွဲ ကျင်းပပေးမည်ဟု (၃)လအလိုတွင်မှ နအဖက ကြေညာသည်။ အခြေခံဥပဒေ မူကြမ်းကို လူထုက လေ့လာရန် အချိန် (၁)လသာပေးပြီး စာအုပ်များကို ထုတ်ဝေသည်။ အရေးကြီးသော စာသားတခုကို ပုံနှိပ် မှားသည်ဟု ပြီးစလွယ် ပြောဆိုရင်း လူထုတရပ်လုံး သိရှိအောင် တရားဝင် မထုတ်ပြန်ပဲ ခိုးကြောင်ခိုးဝှက် စာပို့ အကြောင်းကြားသည်။

အလွန်အရေးကြီးသည့် အမျိုးသား နိုင်ငံရေး လုပ်ငန်းစဉ်ကြီးတခုကို ဤမျှတက်သုတ်ရိုက်၍ လုပ်ဆောင်သည့် နိုင်ငံမျိုး ကမ္ဘာပေါ်တွင် မရှိ။ နိုင်ငံ့အနာဂတ် ကံကြမ္မာကို ဆုံးဖြတ်ရန် ဖြစ်သည့်အတွက် အများစုဆန္ဒ ပါနိုင်သမျှ ပါနေအောင် အလေးအနက်ထားပြီး စနစ်တကျ စီစဉ်ရသည့်ကိစ္စမျိုးကို ကလေး ကစားသကဲ့သို့ ကရောကမည် မထီလေးစားလုပ်၍ မရနိုင်ပါ။ ဒီမိုကရေစီကို နားလည်သည်၊ နားမလည်သေး ဆိုသည့်ကိစ္စကို အသာထား။ နိုင်ငံရေး အစဉ်အလာအရ အများလက်ခံသည့်အတိုင်း လုပ်တတ်သလား၊ မလုပ်တတ်ဘူးလားဆိုတာ ပေါ်လွင်သွားသည်။

ယင်းကိုကြည့်လျှင် လက်ရှိ နအဖ ခေါင်းဆောင်တို့သည် နောင်တွင် ဆက်လက်အာဏာရှိနေဦးမည်ဆိုပါက ဒုံရင်းအတိုင်း ဆက်လုပ်နေဦးမည်ဟု ဖော်ပြနေသည်။ လူထုအနေဖြင့် ဤအချက်ကို သိရှိနားလည်ထား သင့်သည်။ အထူးသဖြင့် နိုင်ငံကာကွယ်ရေးတွင် တာဝန်ရှိသော်လည်း လက်ရှိအနေအထား၌ နအဖ ခေါင်းဆောင်ကြီးများကို ကာကွယ်ပေးနေရသည့် မြန်မာ့တပ်မတော်အနေဖြင့် အမြော်အမြင်ရှိရှိ အထူး ဂရုစိုက် သတိထားသင့်သည့်ကိစ္စ ဖြစ်သည်။

ယခု လူထုဆန္ဒခံယူပွဲတွင် နအဖက အလေးအနက်ထားသည့်ကိစ္စက တခုတည်းသာ ရှိသည်။ ယင်းမှာ ထောက်ခံမဲ (၅၀)%ကျော်ရအောင် မဖြစ်ဖြစ်သည့်နည်းဖြင့် ရယူရန်ဖြစ်သည်။ လွတ်လပ်၍ သမာသမတ် ရှိသည် (Free and Fair)ဆိုသည့် ဒီမိုကရေစီနည်းကျ မဲပေးပွဲ အခြေခံဥပဒေသကို မျက်နာပြောင်တိုက် လိမ်ညာနေသည်။ နအဖခေါင်းဆောင်တို့က ဒီမိုကရေစီ အသွင်ကူးပြောင်းမည်ဟု လူသိရှင်ကြား ကြေညာလျက်ကပင် အခြားတဖက်၌ မဲပေးနိုင်သည့်  နိုင်ငံသားတို့၏ မွေးရာပါ အခြေခံရပိုင်ခွင့်များကို ပိတ်ပင်ထားပြန်သည်။

သက်သေပြပါမည်။ နေပြည်တော်ရှိ ဝန်ထမ်း ရာပေါင်းများစွာက သူတို့ မည်သို့ မဲပေးခဲ့ရသည့် အကြောင်း သတင်းထွက်လာသည်။ ထိုအကြောင်းကို (၂-၅-၀၈)နေ့က အင်တာနက်သတင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရသည်။ မဲပေးသူတို့က ပြည်သူ့ဆန္ဒခံယူပွဲ ကော်မရှင်၏ တာဝန်ပေးခံရခြင်းများ မရှိပဲ အမှန်တကယ် မဲဆန္ဒပေးရမည့် မေလ (၁၀)ရက်မတိုင်မီ သက်ဆိုင်ရာ အထက်အရာရှိများ၏ မျက်စိရှေ့မှောက်၌ မထည့် မနေရ ထောက်ခံမဲများကို  ကြိုတင်မဲ ထည့်ပေးခဲ့ရသည်။ ကန့်ကွက်မဲပေးလျှင် ရာထူးမှ ဖြုတ်မည် ဆိုသည့် အထက်အမိန့်ဖြင့် ခြိမ်းခြောက် အကြပ်ကိုင်ထားသောကြောင့် မိမိတို့ စားဝတ်နေရေးအတွက် ဆန္ဒမပါပဲ ထောက်ခံခဲ့ရသည်ဟု မဲထည့်ခဲ့သူ တချို့က ပြန်ပြောပြသည်ကို ဖတ်ရှုရသည်။ ထိုမျှသာမကသေး မဲပေးသူ တို့၏ မိသားစုဝင်များကိုလည်း ထောက်ခံမဲထည့်ရန်  ခြိမ်းခြောက် အကြပ်ကိုင်သည်ဟု ဆိုသည်။

နောက်ထပ် သက်သေတခုမှာ နိုင်ငံခြားတိုင်းပြည်များရှိ မြန်မာသံရုံးများတွင် ပြည်သူ့ဆန္ဒ ခံယူပွဲအတွက် မဲထည့်ပေးရသည့်ကိစ္စဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးမှ လုပ်ဆောင်ပုံနှင့် ပတ်သက်၍ နမူနာပေးပါမည်။ ဂျပန်နိုင်ငံတွင် မြန်မာ့ဒီမိုကရေစီအတွက် လှုပ်ရှားနေသူများ ရှိကြသည်။ သူတို့တွင် မြန်မာနိုင်ငံသားဖြစ်ကြောင်း နိုင်ငံကူး လက်မှတ်နှင့် အခြား ခိုင်လုံသော အထောက်အထားများ ရှိနေကြသည်။ သို့သော် သူတို့အားလုံးအား မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင်  မြန်မာသံရုံး၌ မဲလာထည့်ရန် အကြောင်းကြားစာများ မပေးပို့ပါ။

အဆိုပါအကြောင်းကြားစာကို သံရုံးတွင် အခွန်ဆောင်ထားပြီးသူများထံသို့သာ စာတိုက်မှ ပေးပို့ခြင်း ဖြစ်သည်။  နအဖ သက်ဆိုးရှည်ရေးအတွက် မြန်မာသံရုံးမှတဆင့် ဘဏ္ဍာခွန် ဆက်သရသည့်အလုပ်ကို ဒီမိုကရေစီအရေး အမှန်တကယ် လှုပ်ရှားနေသူ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားတို့က လုံးဝမလုပ်ကြပါ။ နိုင်ငံတကာဥပဒေအရလည်း အခွန်နှစ်ထပ် ထမ်းဆောင်ရန်လည်း မလိုသည့်အတွက် မြန်မာသံရုံးအား မိမိတို့၏ ဝင်ငွေခွန်များကို မပေးခြင်း ဖြစ်သည်။

မဲပေးရမည့်နေ့တွင် ဒီမိုကရေစီ လှုပ်ရှားသူ မြန်မာနိုင်ငံသား ရာပေါင်းများစွာတို့က အကြောင်းကြားစာ မပါသော်လည်း မိမိတို့၏ ရပိုင်ခွင့် ဖြစ်သည့်အတိုင်း မဲထည့်ရန်အတွက် သံရုံးရှေ့သို့ လူကိုယ်တိုင် တဖွဲဖွဲ ရောက်ရှိလာကြသည်။  ငြိမ်းချမ်းစွာ တန်းစီ စောင့်နေသော်လည်း သံရုံးအတွင်းမှ တံခါး ဖွင့်မပေးပဲ ပိတ်ထားပြန်သည်။ သံရုံးမှ အကြောင်းကြားစာပါမှ မဲထည့်ရန် သံရုံးအတွင်း ဝင်ခွင့်ပြုမည်ဟု သံရုံး ဝန်ထမ်းတို့က ပြောသည်။ ထို့ပြင် သံရုံးလုံခြုံရေးအတွက်ဟု အကြောင်းပြပြီး ရာဂဏန်းရှိသော အဓိရုဏ်း နှိမ်နင်းသည့် ရဲများကို ခေါ်ယူစောင့်ကြပ်ခိုင်းထားသည်။ ထိုနောက် ဂျပန်ရဲတို့က မြန်မာသံရုံးအပြင်တွင် မဲထည့်ရန် စောင့်ဆိုင်းနေကြသည့် မြန်မာနိုင်ငံသားတို့အား  အဓိကရုဏ်းဖြစ်နေသည့်ပမာ ကြမ်းတမ်းစွာ ဖြိုခွဲတော့သည်။

ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံအတွက် ဒီမိုကရေစီ လှုပ်ရှားမှုများ မလုပ်ပဲ သံရုံးသို့ ပုံမှန် အခွန်ဆောင် နေကြသည့် မြန်မာနိုင်ငံသားများလည်း ရှိသည်။ မြန်မာနိုင်ငံသို့ ပြန်လျှင် အဆင်ပြေစေရန် မျှော်လင့်ချက် ရှိသူများ ဖြစ်သည်။ သူတို့အပြင် မြန်မာနိုင်ငံသားတို့ထံမှ ကောက်ယူထားသည့် တိုင်းပြည်ဘဏ္ဍာခွန်ဖြင့် ဂျပန်သို့ ကျောင်းလာတက်နေသူများ၊ အလုပ်သင် ဗီဇာဖြင့် လာရောက်နေထိုင်သူများ၊ အလုပ်လုပ်ခွင့် ပါမစ်ဖြင့် နေထိုင်သူများလည်း ရှိကြသည်။

သံရုံးအတွင်း၌ သံရုံးဝန်ထမ်းတို့က မဲထည့်သူတို့ လှုပ်ရှားသွားလာသမျှကို ဗီဒီယိုဖြင့် မှတ်တမ်းတင် ရိုက်ကူးသည်။ မဲလာထည့်သူများအား အစားအသောက်များ ကျွေးမွေးသည်။

လူထုဆန္ဒ ခံယူပွဲသည် လွတ်လပ်၍ သမာသမတ် မရှိကြောင်း ခိုင်လုံသော အထောက်အထားနှစ်ခုကိုသာ ဖော်ပြခြင်း ဖြစ်သည်။

ယခုစာရေးနေချိန်တွင် မြန်မာနိုင်ငံ၌ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန် ရက်သတ္တ တပါတ်သာလိုတော့သည်။ သို့သော် ယခုအချိန်မှာပင်လျှင် လွတ်လပ်၍ သမာသမတ် မရှိသော အထောက်အထားများစွာကို အထင်အရှား တွေ့မြင်နေရလေပြီ။

နအဖ အာဏာပိုင် အဆင့်ဆင့်တို့သည် မဲပေးသူကို ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်း၊ ဖျားယောင်း သွေးဆောင်ခြင်း၊ လာဘ်လာဘ ပေးခြင်း (တနည်း- မဲဝယ်ခြင်း)၊ မဲပေးပိုင်ခွင့်ရှိသူအား မဲမပေးနိုင်အောင် ပိတ်ပင်ခြင်း၊ အခြေအမြစ် မရှိသော အကြောင်းပြချက်ဖြင့် မဲမပေးနိုင်အောင် လိမ်လည်လှည့်ဖျားခြင်း၊ နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေး မလုပ်ရဟု တင်းကြပ်စွာ တားမြစ်ထားသော်လည်း ထိုနိုင်ငံ့ဝန်ထမ်းများကိုပင် မဲရုံတာဝန်များ ပေးထားခြင်း၊ တဖန် မဲပေးစဉ်ကာလအတွင်း မဲရုံတာဝန် ထမ်းဆောင်ရန် မလိုသော နိုင်ငံဝန်ထမ်းများအား ကြိုတင်မဲများ အဓမ္မ ပေးခိုင်းခြင်းများ ရှိနေသည်။

ထို့ပြင် အစိုးရပိုင်းဆိုင်ရာ ဘောင်အတွင်းမှနေ၍ မဲပေးမည့် အချိန်ကာလတစိုက်တွင် သတင်းမီဒီယာ၏ လုပ်ငန်းဆောင်တာများ ကောင်းမွန်စွာ မလုပ်နိုင်အောင် ပိတ်ပင်နှောင့်ယှက်ထားခြင်း (ဥပမာ- အင်တာနက် အရှိန်ကို လျှော့ချ ထားခြင်းနှင့် နိုင်ငံခြားသတင်းထောက်များ ပြည်ဝင်ခွင့် ဗီဇာမပေးခြင်း)၊ နိုင်ငံတကာမှ

မဲပေးပွဲ စောင့်ကြည့် မှတ်တမ်းတင်သူများကို လာရောက်ခွင့် မပြုခြင်း၊ နိုင်ငံပိုင် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများကို အသုံးချ၍ တဖက်သပ် မဲဆွယ်စည်းရုံးခြင်းများလည်း ရှိနေပြန်သည်။

ထိုမျှသာမကသေး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူထုအား ကန့်ကွက်မဲပေးရန် စည်းရုံးသူများကို နအဖက လက်သပ်မွေးထားသူများနှင့် အာဏာပိုင်များ ပူးပေါင်းကာ ရိုက်နှက် ဖမ်းဆီးခြင်း၊ အတိုက်အခံ ဒီမိုကရေစီ အင်အားစုများအား လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့် မပေးခြင်း၊ ရပ်ကွက်မဲရုံများ၌ မဲရေတွက်ခြင်းကို နောက်ဆုံး မဲလာထည့်သူ (၁၀)ဦးကသာ စောင့်ကြည့်ခွင့် ရှိသည်ဆိုခြင်း၊ မဲစာရင်းများကို ရပ်ကွက်မဲရုံများမှ ကြေညာပိုင်ခွင့်မပေးပဲ နအဖခေါင်းဆောင်တို့ ရုံးထိုင်သည့် နေပြည်တော် တနေရာ တည်းမှသာ ကြေညာမည်ဟုဆိုခြင်း  စသည့် ဒီမိုကရေစီ နည်းလမ်းမကျသော တဖက်သပ် လုပ်ဆောင်မှု များလည်း ရှိသည်။

သို့ဖြစ်ရာ ဒီမိုကရေစီ ဖြစ်ထွန်းရေးကို လုပ်ဆောင်ပါမည်ဟု အကြိမ်ပေါင်းများစွာ ကတိပေး အော်ဟစ် နေသော နအဖ ခေါင်းဆောင်ကြီးများ၏ အလိုကျ ရေးဆွဲထားသည့် နိုင်ငံဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ဒီမိုကရေစီ အစစ်အမှန်ကို မည်သို့မျှ ပေးစွမ်းနိုင်မည် မဟုတ်ပါ။

ဒီမိုကရေစီ အစစ်အမှန် မရသရွေ့ မြန်မာပြည်သူလူထု တဦးချင်းတိုင်း  အခြေခံလူ့အခွင့်အရေး ဆက်လက် ဆုံးရှုံးနေဦးမည်သာ ဖြစ်သည်။ တရားဥပဒေ စိုးမိုးမှုများလည်း ဆက်လက် ပျက်ပြားနေဦးမည်ဖြစ်ပြီး ဥပဒေအထက်တွင် အာဏာရှိသူတို့က ယခုကြုံတွေ့နေရသည့်အတိုင်း မင်းမူနေဦးမည်။

စစ်ယူနီဖောင်း ဝတ်ထား၍ ကြယ်ပွင့် မည်မျှပင်တပ်တပ်၊ အထက်အထက် အရာရှိမှန်သမျှတို့ထံ ခေါင်းမဖော် ဝံ့သည့် ဘဝမျိုးကို ဆက်လက်ခံစားနေရပေဦးမည်။ သူတို့လို ကြယ်ပွင့်တပ်ထားသူပင် ထိုမျှလောက် ဖြစ်နေလျှင် အခြားနိုင်ငံ့ဝန်ထမ်းတို့မှာ ကမ်းနားသစ်ပင် ဖြစ်သည်ဟု ဆင်ခြင်တုံတရား ရှိသင့်သည်။ အစိုးရနှင့် မပတ်သက်သူများ၊ လက်လုပ်လက်စားတို့၏ ဘဝများကား တွေးဝံ့စရာ မရှိတော့ပြီ။

စစ်မှန်သောဒီမိုကရေစီ ဖြစ်ထွန်းရေးကိုသာ မျှော်မှန်းသည်ဆိုပါက နအဖ ရေးဆွဲသည့် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြတ်ပြတ်သားသား ကန့်ကွက်ကြရပါမည်။ တချိန်တည်းမှာပင် မြန်မာပြည်သူ တရပ်လုံးက လူထုဆန္ဒ အစစ်အမှန်ကို ထုတ်ဖော်-အားပေး-တာဝန်ယူရန် ဆိုသည့် အမျိုးသားရေး လုပ်ငန်းစဉ်ကြီးကိုပါ ပြတ်သားစွာ လုပ်ဆောင်ရပါတော့မည်။

**လွင်အောင်စိုး**

**မေလ ၃ ရက်၊ ၂၀၀၈ ခုနှစ်**